ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာ

အမှတ်၊ ၃၂ /၂၀၁၇

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်)

**အနိမ့်ဆုံးတန်ဖိုးပမာဏနှင့် အကောက်ခွန်နှုန်းလိုင်းသစ် သတ်မှတ်ခြင်း**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အကောက်ခွန်ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီစေရေးဆိုင်ရာ ဆောင်ရွက်ချက်များအရ နိုင်ငံတကာအကောက်ခွန်အဖွဲ့များမှ ကျင့်သုံးဆောင်ရွက်လျက်ရှိသော အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီဖြစ်စေရေးအတွက် အလျင် အမြန်ပေးပို့ထုတ်ယူလိုသည့်ကုန်စည်များ (Express Consignment Cargo) အပေါ် အခွန်အခ များ ကင်းလွတ်ခွင့်ပြုနိုင်သည့် အနိမ့်ဆုံးတန်ဖိုးပမာဏတစ်ရပ် (Deminimis value threshold) သတ်မှတ်ခြင်းအား ပင်လယ်ကြောင်းအကောက်ခွန် အက်ဥပဒေ ပုဒ်မ ၂၀၄ (ခ)အရသော်လည်း ကောင်း၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၉(ခ)အရ သော်လည်းကောင်း အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်လိုက်သည်။

၂။ လေကြောင်းမှ တင်သွင်းသည့် အလျင်အမြန်ပေးပို့ထုတ်ယူလိုသည့် ကုန်စည်များ (Express Consignment Cargo) ကို တင်သွင်းမှုတစ်ခုချင်း၏ အနိမ့်ဆုံးတန်ဖိုးပမာဏတစ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုရာတွင် တင်သွင်းမှုတစ်ခုချင်း၏ စုစုပေါင်းတန်ဖိုးပမာဏကို အမေရိကန်ဒေါ်လာ (၅၀) အထိအား ပင်လယ်ကြောင်းအကောက်ခွန် အက်ဥပဒေ ပုဒ်မ ၂၃ နှင့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ ပုဒ်မ ၈ (က) (၁)များအရ အခွန်ကင်းလွတ်ခွင့်ဖြင့် ထုတ်ယူခွင့်ပြုမည်။

၃။ အလျင်အမြန်ပေးပို့ထုတ်ယူလိုသည့်ကုန်စည်များ (Express Consignment Cargo) အတွက် အကောက်ခွန်နှုန်းဥပဒေ၏ အခန်း(၂)၊ ပုဒ်မ ၃ (က) (ဃ) တို့အရ မြန်မာအကောက်ခွန်နှုန်းထားစာအုပ် (၂၀၁၂)၏ အခန်း(၉၈) တွင် အကောက်ခွန်နှုန်းလိုင်း (၉,၈၉၀,၀၀၀,၀၀၀) ဖြင့် သတ်မှတ်လိုက်သည်။

၄။ အနိမ့်ဆုံးတန်ဖိုးပမာဏတစ်ရပ်ဖြင့် အလျင်အမြန်ပေးပို့ထုတ်ယူလိုသည့် ကုန်စည်များ (Express Consignment Cargo) အတွက် အကောက်ခွန်ဦးစီးဌာနတွင် ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်း၊ တန်ဖိုးသတ်မှတ်ခြင်း၊ အခွန်အခစည်းကြပ်တွက်ချက် ပေးဆောင်ခြင်းစသည့် လုပ်ငန်း

စဉ်များကို ဆောင်ရွက်ရန်မလိုဘဲ အကောက်ခွန်ကြေညာလွှာနှင့် လိုအပ်သည့်စာရွက်စာတမ်းများ ပူးတွဲကင်းလျှင်း၍ ကုက်ယူခွင့်ပြုမည်။

၅။ အနိမ့်ဆုံးတန်ဖိုးပမာဏဖြင့် ကြေညာထုတ်ယူလိုသည့် ပုဂ္ဂိုလ် သို့မဟုတ် ၎င်းမှလွှဲအပ်ထားသော ကိုယ်စားလှယ်တို့သည် မိမိတင်သွင်းမည့် အကောက်ခွန်ကြေညာလွှာပါ အချက်အလက်များ မှန်ကန်မှုရှိကြောင်း တာဝန်ယူရမည်ဖြစ်ပြီး အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) အနိမ့်ဆုံးတန်ဖိုးပမာဏဖြင့် အလျင်အမြန်ပေးပို့ ထုတ်ယူလိုသည့်ကုန်စည်များ (Express Consignment Cargo) သည် တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအရ တားမြစ်၊ ပိတ်ပင်၊ ကန့်သတ်ထားသည့် ပစ္စည်းများ မဖြစ်စေရ။

(ခ) အခြားသောဌာနဆိုင်ရာများ၏ ထောက်ခံချက်ရယူရန် လိုအပ်သည့်ပစ္စည်းဖြစ်ပါက ထောက်ခံချက်ရယူ၍ ပူးတွဲတင်ပြရမည်။

(ဂ) တင်သွင်းပစ္စည်းနှင့်စပ်လျဉ်း၍ အကောက်ခွန်အရာရှိမှ အသေးစိတ်စစ်ဆေးရန် ထပ်မံတောင်းခံသည့်အခါ ငွေပေးချေရေးဆိုင်ရာ စာရွက်စာတမ်းများအပါအဝင် အခြားအထောက်အထားများအား ပြည့်စုံစွာ တင်ပြပေးရမည်။

၆။ အနိမ့်ဆုံးတန်ဖိုးပမာဏဖြင့် အလျင်အမြန်ပေးပို့ထုတ်ယူလိုသည့် ကုန်စည်များ (Express Consignment Cargo) အတွက် အခွန်အခများကင်းလွတ်ခွင့်ရရှိရန် ရည်ရွယ်ချက်ဖြင့် အကောက်ခွန်ကြေညာလွှာပါ အချက်အလက်များအား မမှန်မကန် ကြေညာကြောင်း စစ်ဆေးတွေ့ရှိပါက ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေများအရ အရေးယူခြင်းခံရမည်။

၇။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ၊ (၁) ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ကျော်ဝင်း
ပြည်ထောင်စုဝန်ကြီး

************************************************

စာအမှတ်၊ စဘ / ဘဏ္ဍာ - ၂ / ၁ / ၂၉၅ (၁၄၂၀ / ၂၀၁၇ )
ရက် စွဲ ၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်

<u>**ဖြန့်ဝေခြင်း**</u>
နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်ကောင်စီ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး
ဤဝန်ကြီးဌာနရှိ ကျန်ဌာနအဖွဲ့အစည်းများအားလုံး
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသို့မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြော်ငြာပေးပါရန်
မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။
ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ

28/3/2017

(ထွန်းထွန်းနိုင်)
အမြဲတမ်းအတွင်းဝန်